ဦးအေးမောင် ရေးသားသော 'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ' စာအုပ်တွင်လည်း နိုင်ငံခြားမှ မဟာယာန ရဟန်းတော်တစ်ပါးသည် ထေရဝါဒ ရဟန်းတော်အဖြစ်ကို ခံယူပြီး မြန်မာနိုင်ငံမှ ကျောင်းတိုက်တစ်တိုက်၌ လာရောက်နေထိုင်၏။ သူ့အပေါ် ဆက်ဆံသော ကျောင်းထိုင်ဆရာတော်ကြီး၏ မေတ္တာစာတ်နည်းပါးမှုကြောင့် စိတ်ပျက်ကာ မဟာယာနသို့ ပြန်ပြောင်းသွားခဲ့ကြောင်း ဖတ်ရှုခဲ့ရ၏။

အောင်မြင်စွာသာသနာပြုလိုသော ထေရဝါဒ ရဟန်းတော်များ အနေဖြင့် မနောကံ မေတ္တာသည် ကာယကံ၊ ဝစီကံ ထိပါ ရောက်သင့်နေပြီဖြစ်ပါကြောင်း သတိပေးလိုက်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်၏။ စာရေးသူက သူ့စကားကိုလက်ခံကြောင်း ခေါင်းညိတ် လက်ခံလိုက်သည်နှင့် သူသည် ပါလာသော စက္ကူလိပ်ကြီးကို စာရေးသူအား လှမ်းပေး၏။

စာရေးသူက ဖြန့်ဖတ်ကြည့်လိုက်သောအခါ-

- မေတ္တာ အလင်းရောင် တောက်ပခြင်းဟာ
  ကမ္ဘာ့မိသားစုကြီးတစ်ခုလုံး
  ထာဝစဉ် အားထားမြတ်နိုးရမည့်
  လျို့ဝှက်ကယ်တင်ရှင် ဖြစ်ပေမယ့်

# ဘာဝနင့်ရင်းရသော အတွေးအမြင်များ

မေတ္တာရှင် (ရွှေပြည်သာ)



- ♦ သစ္စာအလင်းပျံ့နှံ့ခြင်းဟာ
  ကမ္ဘာ့မိသားစုကြီး တစ်ခုလုံးအတွက်
  ထာဝစဉ်ဆောင်ရွက်ရမည့်
  လျှို့ဝှက်အင်အားဖြစ်ပေမယ့်
- ♦ သစ္စာတရား ခေါင်းပါးမှုနတ်ဆိုးက
  ကမ္ဘာ့မိသားစုကြီး တစ်ခုလုံးအတွက်
  ယနေ့-သဘာဝဘေးအန္တရာယ်ဆိုး
  များ စနစ်တကျ ဆောင်ကျဉ်းပေး
  နေတယ်။
- ♦ မေတ္တာ၊ သစ္စာ ရောင်ခြည်တို့သည်
  သာ. . .
  ကမ္ဘာ့မိသားစုကြီး တစ်ခုလုံးအတွက်
  ငြိမ်းချမ်းရေးနိဗ္ဗာန်ဘုံများ
  ဖန်ဆင်းပေးနိုင်ပေမယ့်
- ♦ စစ်ဆိုတဲ့ စစ်ပွဲ ဆင်နွှဲမှုတွေက
  ကမ္ဘာ့မိသားစုကြီး တစ်ခုလုံးအတွက်
  ငရဲကြွဲဖွယ်ငရဲခန်းများ
  စနစ်တကျ ဖန်တီးပေးနေတယ်

မောင်ရဲမြင့်

ဟု တွေ့ရ၏။

မေတ္တာနှင့်သစ္စာကို ကျင့်သုံးလျှင် ရရှိမည့် ကောင်းကျိုးနှင့် မကျင့်သုံးလျှင် ရရှိမည့်ဆိုးကျိုးတို့ကို ထိမိစွာဖွဲ့သီထားသော စာပိုဒ်ကလေးများပင် ဖြစ်၏။

"ဒကာလေး ရေးထားတာလား၊ တကယ်ကို ကောင်းပါတယ်"

"ဟုတ်ပါတယ်ဘုရား၊ ဆရာတော် သဘောကျရင် လာသမျှလူများ ဖတ်ရှုရအောင် ကျောင်းမှာကပ်ထားပေးပါ"

"ကပ်ထားပေးပါ့မယ်။ ဒါနဲ့ ဒကာလေးက ဗုဒ္ဓဘာသာရဲ့အကြောင်းကို အတော် လေ့လာထားတယ် ထင်တယ်။ ဗဟုသုတအတွက်ပဲလား၊ ဒါမှမဟုတ် တကယ်ကို စိတ်ဝင်စားလို့လား"

"တကယ်ကို စိတ်ဝင်စားလို့ပါဘုရား၊ တပည့်တော်ရဲ့မိဘများက ခရစ်ယာန်ဘာသာဝင်တွေဖြစ်ကြလို့ တပည့်တော်လည်း ခရစ်ယာန်ဘာသာဝင် ဖြစ်နေရပေမယ့် တစ်သက်တာ အတည်မဟုတ်သေးပါဘူးဘုရား။ ဘာသာအားလုံးကို ရွေးချယ် ဆန်းစစ်နေတုန်းပါပဲ။ ဈေးတဲမှာ တစ်နပ်စာချက်စားမယ့် ချဉ်ပေါင်ရွက်လေးတစ်စီး ဝယ်တာတောင် အနာများပါလား၊ အပုပ်များပါလားဆိုပြီး ရွေးချယ်ရသေးတာ။ သံသရာတစ်လျှောက်လုံး အားကိုးထားပြုရမယ့် ဘာသာတရားကျတော့မှ ဝေဖန် ဆန်းစစ်ခြင်း၊ ရွေးချယ်ခြင်းမပြုဘဲ မျက်စိမှိတ်ကိုးကွယ်လိုက်မယ်ဆိုရင် ဒီလိုလူထက် မိုက်မဲတဲ့သူ ဘယ်မှာရှိလိမ့်မလဲဘုရား"



ဘာသာအယူဝါဒတစ်ခုကို ရွေးချယ်ဆန်းစစ်ပြီးမှ ကိုးကွယ်သင့်ကြောင်း အတွေးအခေါ်ကို သူက စတင်သည်ဟု ယူဆပြီး မောင်ရဲမြင့်ကပြောနေခြင်း ဖြစ်၏။ အမှန်ကား ဗုဒ္ဓက ဤအတွေးအခေါ်ကို လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်ခန့်ကပင် တိကျစွာ ဟောတော်မူခဲ့ပြီး ဖြစ်၏။ ထိုအကြောင်းကိုသိရလျှင် မောင်ရဲမြင့် အံ့ဩသွားနိုင်သည်။ ဗုဒ္ဓကို ပိုမို၍လည်း ကြည်ညိုသွားနိုင်သည်။

ထို့ကြောင့်-

"ဗုဒ္ဓကလည်း ဘာသာတစ်ခုကို ရွေးချယ် ဆန်းစစ်ပြီးမှ ကိုးကွယ်သင့်ကြောင်းကို လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) ကျော်ကတည်းက ဟောထားခဲ့တယ် ဒကာလေးရဲ့"

သူသည် တအံ့တဩ ဖြစ်သွားသော မျက်နှာလေးဖြင့်-

"ဘယ်လိုများဟောခဲ့သလဲဘုရား"

"ဟောခဲ့တာကတော့ အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ်၊ ကေသမုတ္တိသုတ်မှာပါ။ ကာလာမအမျိုးအနွယ်သားတွေကို အကြောင်းပြုပြီး ဟောတဲ့အတွက်ကြောင့် **ကာလာမသုတ်**လို့ပဲ လွယ်လွယ်ခေါ်နေကြတယ်။

အခါတစ်ပါး မြတ်စွာဘုရား ဒေသစာရီ လှည့်လည် တရားဟောရင်း ကေသမုတ္တိနိဂုံးရှိ ကာလာမအနွယ်တွေ နေထိုင်ခဲ့အရပ်ကို ရောက်လာတယ်။ ဒီအချိန်က ဘာသာအယူဝါဒကို တီထွင်တဲ့ ဘာသာရေးခေါင်းဆောင်တွေဟာ အင်မတန် များပြားတယ်။ သူတို့လည်း ဗုဒ္ဓကဲ့သို့လှည့်လည်ပြီး သူတို့အယူဝါဒကို ဟောပြောကြတာပဲ။ ဘာသာအယူဝါဒမျိုးစုံရဲ့ အတွေးအခေါ်တွေကို ခဏခဏ နားထောင်ရနေတော့ ကာလာမအနွယ်ဝင်ကလည်း 'ငါးသိုင်းများတော့ ဟင်းဟုံ' ဆိုတဲ့စကားအတိုင်း ဘယ်ဘာသာကိုမှကောင်းတယ်လို့ မထင်တော့ဘူး၊ ရှုံ့သွားတာပေါ့။

ပြီးတော့ ရောက်လာသမျှ ဘာသာရေးခေါင်းဆောင်တွေက သူ့အယူအဆကသာ မှန်တယ်၊ တခြားအယူအဆက မှားတယ်လို့ဆိုတဲ့ အတ္တုက္ကံသန ပရဝမ္ဘန စကားမျိုးချည်းသာ ပြောကြတာမဟုတ်လား။

'အယူဝါဒအမျိုးမျိုးကို နာကြားနေရတဲ့အတွက် ဘယ်အယူဝါဒက မှန်တယ်၊ ဘယ်အယူဝါဒက မှားတယ်ဆိုတာ မဆုံးဖြတ်နိုင်အောင် ဖြစ်နေပါတယ်ဘုရား'

လို့လျှောက်ထားကြတော့ ဗုဒ္ဓက-

'အို-အချင်း ကာလာမအနွယ်တို့၊ သင်တို့သည် အယူဝါဒတစ်ခုကို. . .

- တစ်ဆင့်ကြားဖြင့်လည်း အမှန်လို့ မယူကြနဲ့၊
- ရှေးအစဉ်အလာစကား ဖြစ်ရုံနဲ့လည်း အမှန်လို့ မယူကြနဲ့၊
- ဤသို့ဖြစ်ဖူးသတဲ့ ဆိုသဖြင့်လည်း အမှန်လို့မယူကြနဲ့၊
- ကျမ်းဂန်နှင့် ညီညွတ်သည်ဆိုရုံဖြင့်လည်း အမှန်လို့မယူကြနဲ့၊
- နည်းမှီ၍ ယူခြင်းမျိုးဖြင့်လည်း အမှန်လို့မယူကြနဲ့၊
- အကြောင်းခြင်းရာအား ရှုကြံပြီး ထောက်ပြညီညွတ်သည်ဆိုရုံဖြင့်လည်း အမှန်လို့မယူကြနဲ့၊
- မိမိတို့ ကြံစည်နှစ်သက်လက်ခံထားသောအယူနှင့် ကိုက်ညီသည်ဆိုရုံနဲ့ အမှန်လို့ မယူကြနဲ့၊
- လက်ခံထိုက်သော ပုဂ္ဂိုလ်၏စကား ဖြစ်ရုံဖြင့် အမှန်လို့မယူကြနဲ့၊
- မိမိတို့လေးစားအပ်သော ဆရာ၏ စကားဖြစ်ရုံနှင့် အမှန်လို့မယူကြနဲ့။

သင်တို့သည် မိမိတို့ကိုယ်တိုင်. .

- ဤတရားတို့သည် အကုသိုလ် တရားတို့တည်း။
- ဤတရားတို့သည် အပြစ်ရှိသော တရားတို့တည်း။
- ဤတရားတို့သည် ပညာရှိတို့ကဲ့ရဲ့ အပ်သော တရားတို့တည်း။
- ဤတရားတို့နှင့်ပြည့်စုံလျှင်၊ ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးမဲ့ခြင်း၊ ဆင်းရဲခြင်းတို့ ဖြစ်ကုန်၏ဟု သိသောအခါ ထိုတရား

တို့ကို ပယ်ကြကုန်လော့။

ဒါက ပယ်ရမယ့်အယူဝါဒရဲ့အင်္ဂါလေးချက်ကို ဟောနေတာပေါ့။ ဆောင်ရမယ့် ဘာသာအယူဝါဒရဲ့ အင်္ဂါလေးချက်ကတော့. . .

- ဤတရားတို့သည် ကုသိုလ်တရားတည်း။
- ဤတရားတို့သည် အပြစ်မရှိသော တရားတို့တည်း။
- ဤတရားတို့သည် ပညာရှိတို့ချီးမွမ်းအပ်သော တရားတို့တည်း။
- ဤတရားတို့နှင့်ပြည့်စုံလျှင်၊ ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးရှိခြင်း၊ ချမ်းသာခြင်းတို့ ဖြစ်ကုန်၏ဟု သိကြသောအခါ ထိုတရားတို့ကို ဆောက်တည်ကျင့်သုံးကြကုန်လော့။

ကဲ- ဒီဒေသနာကို ထောက်ဆပြီးတော့ ဘာသာအယူဝါဒမှန်သမျှကို ရွေးချယ်ဆန်းစစ်ပြီးမှ ကိုးကွယ်ဖို့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) ကျော်လောက်ကတည်းက ဗုဒ္ဓက ဟောကြားခဲ့ပြီးသားလို့ ပြောတာပေါ့"

"အံ့သြ ကြည်ညိုဖို့ ကောင်းလိုက်တာဘုရား။ ဘယ်ဘာသာက ကောင်းတယ်၊ ဘယ်ဘာသာက မကောင်းဘူးဆိုတဲ့ ပုဂ္ဂလအဓိဋ္ဌာန်မျိုးမပါဘဲ ဘယ်အချက်တွေနဲ့ညီရင် ကောင်းတဲ့အယူဝါဒ၊ ဘယ်အချက်တွေနဲ့မညီရင် မကောင်းတဲ့အယူဝါဒဆိုတဲ့ ဓမ္မာဓိဋ္ဌာန်မျိုးနဲ့ ရဲဝံ့ပြတ်သားစွာဟောတာဟာ ဗုဒ္ဓတစ်ဆူပဲ ရှိတော်မူမှာပါ။ ဒီဒေသနာကို မှတ်မိလွယ်အောင် လင်္ကာသီထားတာများ ရှိရင် ကောင်းမယ်ဘုရား"

"ရှိပါတယ်။ မဟာဓမ္မရုံဆရာတော်ကြီးက **ဘာသာအယူဝါဒစစ်တမ်း** ဆိုတဲ့ အမည်နဲ့ လင်္ကာသီထားတာ ရှိပါတယ်။ 'ဓမ္မဓိဋ္ဌာန်ဘာသာရွေးနည်း' လို့ နာမည်ပေးရင် ပိုပြီး စိတ်ဝင်စားစရာကောင်းမယ်ထင်တယ်။

လင်္ကာက -

**ဓမ္မဓိဋ္ဌာန် ဘာသာရွေးနည်း**

ဘာသာဝါဒ၊ မတူကြ၍၊
လောကအတွင်း၊ ငြင်းခုံခြင်းဖြင့်၊
ဆင်းရဲဒုက္ခ၊ ရောက်ကြကုန်၏။
ဝါဒအယူ၊ မှားခဲ့မူကား၊ ဆူဆူဗုဒ္ဓ၊
ကယ်မရသည့်၊
လေးဝပါယ်ဘုံ၊ ဘေးတွေ့ကြုံလိမ့်၊
စေ့စုံဉာဏ်ဖြင့်၊ မြော်ထောက်ချင့်ကာ၊
တစ်ဆင့်ကြားသိ၊ မိရိုးဖလာ၊
ကောလာဟလ၊ ကျမ်းစာမျှနှင့်
ကြံဆနည်းမှီ၊ ဆီလျော်သုံးသပ်၊
ယူချင်းထပ်၍၊ ယုံအပ်သူပဲ၊
ဆရာစွဲဖြင့်၊ လွဲပုံစိတ်ချ၊ မယူကြလင့်၊
ဒိဋ္ဌကျင့်ကြံ၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊
မှားမှန်ကောင်းဆိုး၊ သိအောင်ကြိုးဟု၊
မျိုးကာလာမ၊ ဟောညွှန်ပြ၊
ဝါဒအယူစစ်တမ်းပေ. . . တဲ့။

အဲဒီ ညွှန်ကြားချက်ဟာ ဘာသာအသီးသီးကလူတွေနဲ့ ဆိုင်တယ်။ ဗုဒ္ဓမှတစ်ပါး ကျန်တဲ့ဘာသာဝင် ဘုရားတွေက လူတွေနဲ့တကွ ကမ္ဘာကြီးတစ်ခုလုံးမှ သက်ရှိသက်မဲ့အားလုံးကို သူတို့ ဖန်ဆင်းထားတာလို့ပြောကြတယ်။ သူတို့ဖန်ဆင်းထားကြတာဆိုရင် အသက်ရှည်တဲ့လူတွေကိုသာ ဖန်ဆင်းသင့်တယ်၊ အသက်တိုတဲ့လူတွေကို မဖန်ဆင်းသင့်ဘူး။ အနာရောဂါကင်းရှင်းတဲ့သူတွေကိုသာ ဖန်ဆင်းသင့်တယ်၊ အနာရောဂါများတဲ့လူတွေကို မဖန်ဆင်းသင့်ဘူး။

ရုပ်ရည် ချောမောလှပတဲ့သူတွေကိုသာဖန်ဆင်းသင့်တယ်၊ အကျည်းတန် အရုပ်ဆိုးတဲ့သူတွေကို မဖန်ဆင်းသင့်ဘူး။ အခြွေအရံ များတဲ့သူတွေကိုသာ ဖန်ဆင်းသင့်တယ်၊ အခြွေအရံ နည်းပါးတဲ့သူတွေကိုမဖန်ဆင်းသင့်ဘူး။ ချမ်းသာကြွယ်ဝတဲ့သူတွေကိုသာ ဖန်ဆင်းသင့်တယ်၊ ဆင်းရဲနွမ်းပါးတဲ့သူတွေကို မဖန်ဆင်းသင့်ဘူး။

အမျိုးမြတ်တဲ့သူတွေကိုသာ ဖန်ဆင်းသင့်တယ်၊ အမျိုးယုတ်တဲ့သူတွေကို မဖန်ဆင်းသင့်ဘူး။ ဉာဏ်ကောင်းတဲ့သူတွေကိုသာ ဖန်ဆင်းသင့်တယ်၊ ဉာဏ်ထိုင်းတဲ့သူတွေကို မဖန်ဆင်းသင့်ဘူး။

ဘုရားဆိုတာ မေတ္တာ၊ ကရုဏာ အပြည့်ရှိပြီးသား ဖြစ်ရမယ်။ မေတ္တာ၊ ကရုဏာရှိတဲ့ ဘုရားဆိုရင်လည်း အသက်ရှည်သူ၊ ကျန်းမာသူ၊ ချမ်းသာသူတွေချည်း ဖန်ဆင်းပေးရမယ်။ အသက်တိုသူ၊ အနာရောဂါများသူ၊ ဆင်းရဲနွမ်းပါးသူတွေကို မဖန်ဆင်းသင့်ဘူး။ ဖန်ဆင်းမိပါတယ်ဆိုရင်လည်း ဒီဘုရားမှာ မေတ္တာ၊ ကရုဏာကင်းမဲ့တဲ့အဖြစ်ကို ရောက်သွားမယ်။

တစ်ခါ မဖန်ဆင်းပါဘူး ဆိုရင်လည်း ဣဿရနိမ္မာနလို့ခေါ်တဲ့ ဖန်ဆင်းရှင်ဘုရားဘဝကနေ လျှောကျသွားမယ်။ ဘာသာဝင်အားလုံး၊ လူသားအားလုံးနဲ့ဆိုင်တဲ့ဒီအချက်တွေကို ဒကာလေး သေသေချာချာ စဉ်းစားဖူးပါသလား"

"တစ်ခါမှ မစဉ်းစားဖူးဘူးဘုရား၊ ဒီအတွေးအခေါ်တွေရဲ့ အကျယ်ရှင်းလင်းချက်ကို လူတိုင်း သိသင့်ပါတယ်ဘုရား။ တပည့်တော်လည်း အရမ်းသိချင်နေပါတယ်။ ဖြေရှင်းပေးပါဘုရား"

"ဒီအကြောင်းအရာတွေဟာ ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်ကလာတာပါ။ တောဒေယျအမည်ရှိတဲ့ ပုဏ္ဏားကြီးတစ်ယောက် ရှိပါတယ်။ သူ့မှာ သုဘအမည်ရှိတဲ့သားတစ်ယောက်လည်း ရှိတယ်။ မြန်မာလိုတော့ 'တင့်တယ်လှပချောမောသူ' ပေါ့။

ဗုဒ္ဓက ဒါနတော ဘောဂဝါ - ပေးကမ်းလှူဒါန်းသူများဟာ ဖြစ်ရာဘဝမှာ စည်းစိမ်ဥစ္စာ ပေါများချမ်းသာတယ်လို့ ဟောတယ်၊ သူက ပေးကမ်းလှူဒါန်းခြင်းဟာ မွဲခြင်းရဲ့အကြောင်း၊ ပစ္စည်းကုန်ခြင်းရဲ့အကြောင်းလို့ ယူဆကျင့်သုံး ဟောပြောတယ်။

သူက ဘာမှမလှူဘူး၊ သူ့သားကိုလည်း ဘာမှမလှူစေဘူး။ စည်းစိမ်ဥစ္စာတွေကို ရနိုင်သမျှ ရအောင်ရှာဖွေပြီး ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှမလုပ်ဘဲ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်း သုံးမျိုးနဲ့ပဲ အချိန်ကုန်လွန်စေတယ်။ အဲဒီလူမျိုးကို ဝိမာနဝတ္ထု အဋ္ဌကထာမှာ လူ့တိရစ္ဆာန်လို့ နာမည်ပေးထားတယ်။

တိရစ္ဆာန်လို အနေများတဲ့သူဟာ သေတဲ့အခါ တိရစ္ဆာန် ဖြစ်ရတာဟာ သဘာဝကျပါတယ်။ တောဒေယျပုဏ္ဏားကြီးသေတဲ့အခါ သူ့အိမ်မှာပဲ ခွေးကြီးတစ်ကောင် ပြန်ဖြစ်တယ်။ ဒါကြောင့် ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်ကြီးက -

လူနဲ့တိရစ္ဆာန်၊ ခြားနားဟန်၊
နှစ်တန်သိရမည်။
အိပ်စားကာမ၊ သိရုံမျှ၊
မှတ်ကြလူမပီ။
အကုသိုလ်ပယ်၊ ကုသိုလ်ဆွယ်၊
တကယ်လူပီသည်။
လူမပီက၊ အပါယ်ကျ၊
ဒုက္ခမလွတ်ပြီ။
လူပီလောက၊ ချမ်းသာရ၊
ရောက်ရနိဗ္ဗာန်ဆီ. . .

ဆိုပြီး လူနဲ့တိရစ္ဆာန်ခွဲခြားတဲ့နည်းကို ရေးသားဆုံးမခဲ့တာပေါ့။

အဖေဘဝကလာတဲ့ ခွေးကြီးဆိုတော့ မသိစိတ်ရဲ့ တိုက်တွန်းမှုကြောင့် သုဘလုလင်ဟာ ခွေးကြီးကို တအားချစ်တယ်။ ခုတင်မွေ့ရာနဲ့ သေချာသိပ်ပြီး သေချာကျွေးမွေးထားတယ်။

တစ်နေ့တော့ ဗုဒ္ဓက သုဘလုလင်သရဏဂုံတည်ပြီး ဗုဒ္ဓဘာသာဖြစ်မယ့်

အရေးကို မြင်တဲ့အတွက်ကြောင့် သူတို့ အိမ်ရှေ့မှာ ဆွမ်းလာရပ်တယ်။ ဒီအချိန် သုဘလုလင်ကတော့ အိမ်မှာမရှိဘူး။ တောဒေယျဘဝကလာတဲ့ ခွေးကြီးဟာ ဘုရားရှင်ကိုလည်းမြင်ရော စားမတတ် ဝါးမတတ် ဟောင်တော့တာပဲ။

အဲဒီမှာတင် ဘုရားရှင်က -

'တောဒေယျ၊ သင်ဟာ လူ့ဘဝ တုန်းက ငါနဲ့ ဆန့်ကျင်ဘက်လုပ်ပြီး တိရစ္ဆာန်လိုနေတဲ့အတွက် အခုတိရစ္ဆာန် ဘဝရောက်နေပြီ။ ဒါနဲ့တောင် အသိ တရားမရဘဲ အခုထိ ငါဘုရားကို ရန်ရှာ နေတုန်းပဲ။ ဒီလိုသာဆိုရင် သင်ဟာ ခွေး ဘဝကသေရင် ငရဲထိကျလိမ့်ဦးမယ်'

ဟု မိန့်တော်မူပြီး ကျောင်းတော်သို့ ပြန်ကြွသွားတယ်။

ဘုရားရှင်ရဲ့စကားကို ကြားလိုက်ရတာနဲ့ ခွေးကြီးဟာ ဆက်မဟောင်နိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျပြီး ပြာပုံထဲ တိုး အိပ်သွားတယ်။ သူခွေးဖြစ်နေတာကို ဘုရားရှင်ကသိနေတဲ့အတွက် ရှက်လည်းရှက်၊ စိတ်လည်းဆင်းရဲသွားတာပေါ့။

ဒါကြောင့် အိပ်နေကျခုတင်ပေါ် တက်မအိပ်တော့ဘဲ ပြာပုံထဲ တိုးအိပ်လိုက်တာပါ။ သူ့သားပြန်လာလို့ အကျိုးအကြောင်းသိရတဲ့အခါ ဘုရားရှင်အပေါ် အလွန်ဒေါသထွက်ပြီး ရန်တွေ့ရအောင်လိုက်သွားတယ်။ သူ့အဖေ ခွေးဖြစ်တယ်ဆိုတာကို အထောက်အထား ပြပါ၊ မပြနိုင်ရင် ဘုရားတန်မယ့် မုသားပြောတယ်ဆိုပြီး တစ်မြို့လုံးမှာ အပုပ်ချမယ်လို့ပြောတော့ ဘုရားရှင်က မေးတယ်။

'သင့်အဖေက သင်မသိအောင် ဝှက်ထားခဲ့တဲ့ ဥစ္စာပစ္စည်းများ ဘာရှိပါသလား' တဲ့။

ဒီတော့ သုဘက ပြောတယ်။

'ငွေတစ်သိန်းရယ်၊ ငွေတစ်သိန်း တန်တဲ့ ပစ္စည်းသုံးမျိုးရယ်ကို ခုထိ ရှာမတွေ့သေးပါဘူး' တဲ့။

ဒီတော့ ဘုရားရှင်က -

'အိမ်ပြန်ပြီး ခွေးကြီးကို ရေမိုးချိုး၊ ရေမရောတဲ့နို့ထမင်းကိုကျွေးပြီး နူးညံ့တဲ့ အိပ်ရာပေါ်မှာသိပ်ပါ။ ခွေးကြီး အိပ်မပျော်တပျော် အချိန်လေးမှာ ကျောကို သပ်ပေးပြီး အဖေ၊ မသေခင်က ကျွန်တော့်ကိုမအပ်ခဲ့တဲ့ ပစ္စည်းနဲ့ငွေတွေကို ဘယ်နေရာထားခဲ့ပါသလဲ။ ထားခဲ့တဲ့နေရာကိုပြပါလို့ မေးလိုက်ပါ။ ဒီအခါမှာ ခွေးကြီးက ပစ္စည်းတွေရှိတဲ့နေရာကိုပြပေးရင် ငါပြောတာ မှန်တယ်ဆိုတာကို လက်ခံပါ။ ပြမပေးဘူးဆိုရင် ငါဘုရားကို မုသားပြောတယ်ဆိုပြီး တစ်မြို့လုံးမှာ အပုပ်ချပါ'

လို့ မိန့်တော်မူတယ်။


ဘုရားရှင်စကားဆုံးတာနဲ့ သုဘဟာ သူ့အတွက်အရှုံးမရှိတဲ့ ဒဿန တစ်ခုကို တွေးမိသွားတယ်။ ငါဟာ ဒီအလုပ်ကို လုပ်ကြည့်သင့်တယ်။ ခွေးကြီးက ပစ္စည်းတွေရှိတဲ့နေရာကိုပြခဲ့ရင် ပစ္စည်း ဥစ္စာတွေ ပြန်ရတဲ့အတွက် ငါ့မှာအမြတ် ထွက်တာပဲ။ မပြနိုင်ခဲ့ရင် ဘုရားရှင်ကို မုသားပြောတယ်ဆိုပြီး တစ်မြို့လုံးမှာ အရှက်ခွဲခွင့်ရတယ်။ ဒါလည်း ငါ့အတွက် အရှုံးမရှိဘူးလို့တွေးမိပြီး ဘုရားရှင်ပြောတဲ့အတိုင်းလုပ်ကြည့်တဲ့အခါ ဥစ္စာပစ္စည်း အားလုံးကို ပြန်လည်ရရှိသွားတယ်။

ဒီနေရာမှာ ဒကာလေး အပါအဝင် လူသားအားလုံးကို သံသရာနဲ့ပက် သက်လာရင် မိမိအတွက် အရှုံးမရှိတဲ့ ဒဿနတစ်ခုကို ပေးချင်တယ်"

"ပြောပါဘုရား၊ တပည့်တော် တကယ်ကို စိတ်ဝင်စားပါတယ် ဘုရား"

"ဒီအတွေးအခေါ်ကလည်း ဘုရား အလောင်းနုစဉ်ဘဝတစ်ခုတုန်းက ပေးခဲ့တာပါ။ ဇာတ်တော်ရဲ့ လိုရင်းအချုပ်ကို ပြောရအောင်။

တစ်ခါတော့ ဘုရားအလောင်းဦး ဆောင်တဲ့ လူပေါင်း ငါးရာရယ်၊ ဒေဝ ဒတ်အလောင်း ဦးဆောင်တဲ့ လူပေါင်းငါး ရာရယ်၊ စုစုပေါင်း လူတစ်ထောင်တို့ဟာ သင်္ဘောပျက်ပြီး ကျွန်းကြီးတစ်ကျွန်း ပေါ်ကို ရောက်သွားကြတယ်။ ကျွန်းကြီး ဟာ အစားအသောက် ရေမိုးပြည့်စုံတဲ့ အတွက် တစ်သက်လုံးနေသွားဖို့ ဆုံးဖြတ်ကြတယ်။



တစ်ခါတော့ ဒေဝဒတ်အုပ်စုအဖွဲ့ ထဲကလူတွေဟာ အရက်ချက်သောက်၊ မူးရူးပြီး တွေ့ကရာနေရာမှာ အညစ်အကြေးတွေကို စွန့်ကြတယ်။ ဒါကြောင့် ကျွန်းပေါ်မှာနေကြတဲ့ နတ်တွေက စိတ် ဆိုးပြီးလာ မယ့်လပြည့်ညမှာ ပင်လယ် ထဲကရေတွေကို ကျွန်းတစ်ကျွန်းလုံးမြုပ် အောင် တက်လာစေပြီး ကျွန်းပေါ်မှာရှိ ကြတဲ့ လူအားလုံးကို သတ်ပစ်ဖို့ ဆုံး ဖြတ်ချက် ချလိုက်ကြတယ်။ ဆုံးဖြတ် ချက်ချပြီးချိန်မှာ သနားတတ်တဲ့ သူ တော်ကောင်းနတ်တစ်ပါးက ကိုယ်ထင် ပြပြီး လာမယ့်လပြည့်နေ့ကျရင် ပင်လယ် ရေတွေ တစ်ကျွန်းလုံးမြုပ်အောင် တက် လာမှာမို့လို့ သေဘေးက လွတ်ချင်ရင် အခုကတည်းက လှေတွေ၊ ဖောင်တွေ ကြိုတင်လုပ်ထားကြလို့ပြောပြီး ပျောက် သွားတယ်။

သူယုတ်မာ နတ်တစ်ပါးကလည်း ကိုယ်ထင်ပြပြီး အို-အသင်လူသားတို့၊ ဒီ ကျွန်းပေါ်ကို တစ်ခါမှ ရေမတက်ဘူး။ နောင်ဘယ်တော့မှလည်း တက်မည်မ ဟုတ်ပါ။ ဒါကြောင့် အရင်အတိုင်းပဲ အေးအေးဆေးဆေးသာနေကြပါ။ လှေ တွေ၊ ဖောင်တွေ လုပ်စရာမလိုပါဘူးလို့ ပြောပြီး ပျောက်သွားပြန်တယ်။ ရေ တက်မယ်၊ မတက်ဘူးဆိုတာ လပြည့်နေ့ ရောက်မှပဲသိရမယ်။ ကြိုတင်ပြီးမသိနိုင် ဘူး။ ဒီတော့ လှေတွေ၊ ဖောင်တွေ အ ပင်ပန်းခံပြီး လုပ်သင့်၊ မလုပ်သင့်ဆိုတာ ပြဿနာပေါ်လာတယ်။

မိမိအတွက်သေချာတဲ့နည်း၊ အရှုံး မရှိတဲ့နည်းကို ဒေဝဒတ်အလောင်းခေါင်း ဆောင်တဲ့ အဖွဲ့သားတွေဟာ မတွေးမိ ကြဘူး။ ဒါကြောင့် လှေတွေ၊ ဖောင်တွေ ကြိုတင်ပြီးမလုပ်ကြဘူး။ လှေတွေဖောင် တွေလုပ်ပြီးခါမှ ပင်လယ်ရေတက်မလာ ရင် ပင်ပန်းတာပဲ အဖတ်တင်မယ်ဆိုတဲ့ အတွေးအခေါ်ကြောင့်ပေါ့။ ဘုရားအ လောင်း ဦးဆောင်တဲ့ အဖွဲ့သားတွေက လည်း ဟိုဘက်အဖွဲ့နည်းတူ လှေတွေ၊ ဖောင်တွေ မလုပ်ချင်ကြဘူး။

ဒါပေမယ့် ဘုရားအလောင်းက အတွေးအခေါ် ပညာရှိတော့ လှေတွေ၊ ဖောင်တွေကို အသင့်လုပ်ခိုင်းတယ်။ ငယ်သားတွေက ရေတွေသာ တကယ် တက်မလာရင် လှေတွေ၊ ဖောင်တွေကို လုပ်ရတာ ပင်ပန်းတာသာ အဖတ်တင် မှာဖြစ်လို့ မလုပ်ချင်ကြောင်း ပြောကြ တယ်။ ဒီတော့မှ ဘုရားလောင်းက အခု

အချိန်ထိအောင် သမိုင်းတွင်ကျန်ရစ်မယ့် အရှုံးမရှိသော ဒဿနတစ်ခုကို တင်ပြတယ်။

ရေတက်မယ်၊ မတက်ဘူးဆိုတာ လပြည့်နေ့ညကျမှ သိရမယ်။ ကြိုပြီး မသိနိုင်ဘူး။ လှေတွေ၊ ဖောင်တွေ လုပ်မထားရင် လပြည့်နေ့ည ရေတက်မလာရင်တော့ ကိစ္စမရှိဘူး။ ရေတက်လာလို့ကတော့ အားလုံးသေကြရမယ်။ ဒါကြောင့် လှေတွေ၊ ဖောင်တွေ ကြိုတင်လုပ်မထားတာဟာ မိမိအတွက် စိတ်မချတဲ့နည်းပဲ။ အကယ်၍ လှေတွေ၊ ဖောင်တွေ ကြိုတင် လုပ်ထားကြမယ်ဆိုရင် လပြည့်နေ့ညမှာ ရေမတက်လာလည်း ကိစ္စမရှိဘူး။ လိုတဲ့နေရာမှာ သုံးရတာပေါ့။ အကယ်၍ ရေတက်လာရင်လည်း အသက်ချမ်းသာရာ ရတာပေါ့။ နှစ်မျိုးလုံး မိမိအတွက် အရှုံးမရှိတော့ဘူး။

ဒီလိုရှင်းပြမှ ငယ်သားတွေဟာ သဘောပေါက်သွားပြီး လှေတွေ၊ ဖောင်တွေ အားကြိုးမာန်တက်လုပ်ကြတယ်။

လပြည့်နေ့ ရောက်လာတဲ့အခါ ပင်လယ်ရေတွေ ကျွန်းကြီးမြုပ်အောင် တကယ်တက်လာတဲ့အတွက် ဒေဝဒတ်ဦးဆောင်တဲ့ အဖွဲ့သားငါးရာဟာ ရေထဲမှာမျောပါပြီး သေဆုံးကြရတယ်။ ဘုရားလောင်းဦးဆောင်တဲ့ အဖွဲ့သားတွေကတော့ အသင့်လုပ်ထားတဲ့ လှေတွေဖောင်တွေနဲ့ ဘေးလွတ်ရာကို ထွက်ခွာသွားနိုင်ကြတယ်။

အခုလည်း ဘာသာကြီးလေးခုရှိတဲ့အနက်က ဗုဒ္ဓဘာသာကတော့ ဘုရားကမကယ်ဘူး။ ကိုယ်ပြုထားတဲ့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ လှေတွေ၊ ဖောင်တွေကသာ သံသရာမှာ ဒုက္ခမရောက်အောင် ကယ်တင်မယ်လို့ ဟောပြောတယ်။ ကျန်တဲ့ဘာသာမှ ဘုရားတွေကတော့ သူတို့ကိုသာပုံအပ်ပြီးတော့ ယုံကြည်ကိုးကွယ်ပါ၊ တမလွန်ဘဝကျရင် စောင့်ရှောက်ကယ်တင်မယ်လို့ ဟောပြောတယ်။

တကယ်တော့ ဆိုင်ရာဘုရားတွေက မိမိသေသွားတဲ့အခါ ကယ်တင်မယ်၊ မကယ်တင်ဘူးဆိုတာ ကြိုတင်ပြီး သိနိုင်တာမဟုတ်ဘူး။ သေပြီးမှသိရမယ့်အရာပဲ။ ဒီနှစ်နည်းမှာ ဗုဒ္ဓပေးတော်မူတဲ့ ဒါန၊ သီလ၊ ဘာဝနာတရားတွေကိုပြုလုပ်ခြင်းဆိုတဲ့နည်းက မိမိအတွက်အရှုံးမရှိနိုင်တဲ့နည်းပဲ။ မ,စမယ့်ဘုရားကိုယုံပြီး ကုသိုလ်တွေတစ်ခုမှ မလုပ်နိုင်ဘဲ သေသွားရင် သူတို့ပြောသလို ဘုရားတွေက တမလွန်ကနေ အသင့်စောင့်ပြီး ကယ်ရင်တော့ တော်သေးတာပေါ့။ မကယ်ရင် ကိုယ်ပဲ ဆုံးရှုံးမှာ။

ဗုဒ္ဓ ညွှန်ကြားတဲ့အတိုင်း ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်လှေတွေ၊ ဖောင်တွေကို ကြိုလုပ်ထားမယ်ဆိုရင်တော့ နောက်ဘဝမှာ ဘုရားကကယ်လည်း မိမိက သူတော်ကောင်းဖြစ်နေတဲ့အတွက် ပိုပြီးကယ်ရမှာပေါ့။ မကယ်ဘူးဆိုရင်လည်း ကိုယ်ပြုပြီးသား ကုသိုလ်တွေက အသင့်ရှိနေလို့ အားငယ်စရာမလိုတော့ပါဘူး"

ထိုစကားအရောက်တွင် မောင်ရဲမြင့်၏မျက်နှာသည် ဝင်းထိန်သွားကာ ကျွန်ုပ်ကို ဦးအကြိမ်ကြိမ်ချရင်း လျှောက်ထား၏။

"ဆရာတော်ဘုရား၊ ဒီအတွေးအခေါ် တစ်ခုနဲ့ပဲ တပည့်တော်အတွက် ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ လုံလောက်ပါပြီဘုရား။ ဒါပေမယ့် သုဘလုလင်ရဲ့ မေးခွန်းတွေကိုလည်း အရမ်းစိတ်ဝင်စားနေတဲ့အတွက် ဆက်ဟောကြားပေးပါဘုရား"

စာရေးသူ အလွန်ပင် ပီတိသောမနဿ ဖြစ်ရ၏။ စာအုပ်တစ်အုပ်၏ အောင်မြင်မှု၊ တရားပွဲတစ်ပွဲ၏ အောင်မြင်မှုကို ပရိသတ်များပြားမှုဖြင့် တိုင်းတာတတ်ကြ၏။ စာရေးသူ၏ အမြင်အားဖြင့်ကား ထိုစာအုပ်၏ရေးသားချက်အတိုင်း၊ ထိုဓမ္မကထိက၏ ဟောကြားချက်အတိုင်း မည်ရွေ့မည်မျှ လိုက်နာကျင့်သုံးကြသနည်းဟူသော အချက်ဖြင့်သာ အောင်မြင်မှုကို တိုင်းတာသင့်သည်ဟု ယူဆမိ၏။

သုဘလုလင်သည် မေးခွန်းသုံးချက်၏ ဖြေဆိုမှုအဆုံးတွင် သရဏဂုံသုံးပါး ဆောက်တည်ကာ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ဝင်ရောက်ခဲ့သည်။

မောင်ရဲမြင့်သည်လည်း ဤအမေးအဖြေအဆုံးမှာပင် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။

မူလပဏ္ဏာသ အဋ္ဌကထာ အဖွင့်အရ ပုထုဇဉ် ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် သရဏဂုံပျက်ခြင်း ရှစ်မျိုးအနက် တစ်မျိုးမျိုးဖြင့် ဧကန်မုချ ပျက်ကြရ၏။

'**အညသတ္ထာရဒီသု အဟံ အတ္တာနံ ပရိစ္စဇာမိတိ ဝေ အညံ သတ္ထာရုဒ္ဒေသေဝ သေန သာဝဇ္ဇ ဘေဒေါတိ ဝုစ္စတိ**'

ဟူသော ယင်းအဋ္ဌကထာ အဖွင့်အရ ရတနာသုံးပါးမှတစ်ပါး အခြားဘာသာကဘုရားများကို မိမိ၏အသက်နှင့်ခန္ဓာကိုယ်ကို အပ်နှင်းလှူဒါန်းပါ၏ဟု နှုတ်ကဆိုပြီး ကန်တော့လိုက်လျှင် သရဏဂုံပျက်သွား၏။ ဤသို့ ပျက်ရခြင်းသည် အပြစ်ရှိသော သရဏဂုံပျက်ခြင်း ဖြစ်၏။

ဤသို့ ဘာသာတစ်ပါးသို့ပြောင်း၍ သရဏဂုံပျက်ခြင်းမျိုးကား လွန်စွာနည်းပါးပါ၏။ ရှောင်၍လည်းရနိုင်ပါ၏။ ပုထုဇဉ် ဗုဒ္ဓဘာသာဝင်တိုင်း ရှောင်၍မရသော သရဏဂုံပျက်ခြင်း တစ်မျိုး ရှိသေး၏။

'**ကာလကိရိယဘေဒေါ အနဝဇ္ဇ ဘေဒေါတိ ဝုစ္စတိ**'

ဟူသော ထိုမူလပဏ္ဏာသ အဋ္ဌကထာအဖွင့်အရ အသက်သေဆုံးသွားလျှင် ပုထုဇဉ် ဗုဒ္ဓဘာသာဝင်တိုင်း သရဏဂုံ ပျက်သွားသည်သာ ဖြစ်၏။ ထိုသို့ အသက်သေ၍ သရဏဂုံပျက်ခြင်းမျိုးကား အပြစ်မရှိသော၊ အကုသိုလ်မဖြစ်သော သရဏဂုံ ပျက်ခြင်းမျိုးသာဖြစ်၏။ သံသရာတစ်လျှောက်လုံး၌ သရဏဂုံမပျက်ချင်လျှင်၊ ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ပြောင်းမသွားချင်လျှင် ဝိပဿနာတရားကို နာကြားအားထုတ်ပြီး သောတာပန်ဖြစ်အောင် ကြိုးစားရမည်ဖြစ်၏။

ရတနသုတ်၌ -

**ယထိန္ဒခီလော ပထဝိံသိတောသိယာ၊**
**စတုဗ္ဘိဝါတေဟိ အသမ္ပကမ္ပိယော။**
**တထူပမံ သပ္ပုရိသံ ဝဒါမိ၊**
**ယော အရိယသစ္စာနိ အဝေစ္စပဿတိ။**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

မြေထဲ၌ အတောင်များစွာ မြှုပ်ထားသောကျောက်တိုင်သည် အရပ်လေးမျက်နှာမှတိုက်ခတ်လာသောလေကြောင့် ယိမ်းယိုင်တုန်လှုပ်ခြင်းမရှိသကဲ့သို့ သစ္စာလေးပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ပြီးသော(မဂ်ရပြီးသော)သူတော်ကောင်း၏ ရတနာသုံးပါးအပေါ် ကြည်ညိုယုံကြည်သော သဒ္ဓါသည် သံသရာတစ်လျှောက် ခိုင်မြဲသွား၏။ ပျက်စီးခြင်းမရှိတော့ချေ။ ဤမှန်ကန်သော သစ္စာကြောင့် သက်ရှိသတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေဟု ဟောတော်မူခဲ့ခြင်း ဖြစ်၏။

ထိုအချက်ကို သိသွားသောအခါ မောင်ရဲမြင့်သည် ရဟန်းဘောင်သို့ အပြီးအပိုင်ဝင်ရောက်ပြီး စာရေးသူပြသသောနည်းအတိုင်း ဝိပဿနာတရားကို နာကြားအားထုတ်နေပြီ ဖြစ်၏။ ရဟန်းဘွဲ့အမည် ဦးဝိသုဒ္ဓ ဖြစ်၏။

သုဘလုလင်၏မေးခွန်းနှင့် ဗုဒ္ဓ၏ အဖြေများကို အကျဉ်းချုပ် ဖော်ပြရင်း သာသနာပြုခြင်းဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသည်။

**မေး** - လူချင်းတူပါလျက် အသက် အတို၊ အရှည် ကွဲပြားရခြင်း၏အကြောင်းများကို ဖြေဆိုပါ။

**ဖြေ** - သူတစ်ပါး၏အသက်ကို သတ်ဖြတ်သူများအသက်တို၍ ရှောင်ကြဉ်သူများအသက်ရှည်ပါသည်။

**မေး** - လူချင်းတူပါလျက် အနာရောဂါများခြင်း၊ နည်းခြင်း၏အကြောင်းတို့ကို ပြောဆိုပါ။

**ဖြေ** - သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်သူတို့ ရောဂါများ၍ ကြင်နာသနားတတ်သူတို့ ရောဂါကင်းသည်။

**မေး** - လူချင်းတူပါလျက် အရုပ်ဆိုးခြင်း၊ ချောမောလှပခြင်း၏ အကြောင်းတို့ကို ဖြေဆိုပါ။

**ဖြေ** - ဒေါသကြီးသူများ အရုပ်ဆိုး၍၊ မေတ္တာဓာတ်ပွားများသူများ ရုပ်ရည် ချောမောလှပပါသည်။

**မေး** - လူချင်းတူပါလျက် အခြွေအရံနည်းခြင်း၊ များခြင်း၏အကြောင်းတို့ကိုဖြေဆိုပါ။

**ဖြေ** - ကိုယ့်ထက်သာသူအပေါ် မနာလိုသူများ အခြွေအရံနည်းပါး၍ ကိုယ့်ထက်သာသူအပေါ် မုဒိတာပွားပြီး ဝမ်းမြောက်သူများ အခြွေအရံပေါများသည်။

**မေး** - လူချင်းတူပါလျက် ဆင်းရဲခြင်း၊ ချမ်းသာခြင်း၏အကြောင်းတို့ကို ဖြေဆိုပါ။

**မေး** - ဒါနမပြုသူများဆင်းရဲ၍ ဒါနပြုသူများ ချမ်းသာပါသည်။

ဤဖြေဆိုချက်ကို ခေတ်လူငယ်များနားလည်ရန် အင်္ဂုတ္တိုရ်ပါဠိတော် အဖွင့်အတိုင်းရေးပြအံ့။

ဉာဏ်၊ ဝီရိယ တန်းတူရည်တူရှိသော လူလေးယောက်အား အရောင်းအဝယ် လုပ်ကိုင်စားသောက်ရန် ငွေသိန်းတစ်ထောင်စီပေးလိုက်၏။ ထိုလူလေးယောက်သည် ဉာဏ်ချင်း၊ ဝီရိယချင်း၊ ချမ်းသာချင်သောစိတ်ရှိတာချင်း၊ အရောင်းအဝယ်လုပ်တာချင်း တူကြ၏။ သို့ပါလျက် ရလဒ်ကား တစ်ဦးနှင့်တစ်ဦး မတူညီကြ။

ပထမလူသည် သိန်းတစ်ထောင်ရင်းပြီး ရောင်းဝယ်ရာ သိန်းနှစ်ထောင် မြတ်၏။ ဒုတိယလူသည် သိန်းတစ်ထောင် အတိအကျ မြတ်၏။ တတိယ



လူသည် သိန်းငါးရာမြတ်၏။ စတုတ္ထလူသည် အရင်း သိန်းတစ်ထောင်ပင် ရှုံးသွား၏။

အရည်အချင်း လေးချက် ရှိတာချင်း တူကြပါလျက် ရလဒ်က အဘယ်ကြောင့် ကွဲပြားသွားရပါသနည်း။

အဖြေကား ကံချင်းမတူသောကြောင့်ပေတည်း။

ပထမလူသည် အလှူခံကို မည်သည့်ရက်တွင် ငွေတစ်ထောင်လှူမည်ဟု ကတိပေးထား၏။ တကယ်လှူရမည့်နေ့ ရောက်သောအခါ သဒ္ဓါတရားများ ပိုသည်ထက်ပိုလာပြီး နှစ်ထောင်လှူခဲ့၏။ ထို့ကြောင့် ယခုဘဝ၌ သိန်းတစ်ထောင်သာရင်းပါလျက် သိန်းနှစ်ထောင်အထိ မြတ်ရခြင်း ဖြစ်၏။

ဒုတိယလူသည် တစ်ထောင်လှူမည်ဟု ပြောထားသည့်အတိုင်း လှူချိန်ရောက်သောအခါ တစ်ထောင်ပင် အတိအကျလှူ၏။ ထို့ကြောင့် သိန်းတစ်ထောင် အတိအကျမြတ်ခြင်း ဖြစ်၏။

တတိယလူသည် တစ်ထောင်လှူမည်ဟု ပြောထားသော်လည်း လှူချိန်ရောက်သောအခါ ငါးရာသာ လှူခဲ့၏။ ထို့ကြောင့် သိန်းတစ်ထောင်ရင်းသော်လည်း သိန်းငါးရာသာမြတ်ခြင်း ဖြစ်၏။

စတုတ္ထလူသည် တစ်ထောင်လှူမည်ဟူ၍ပြောထားပြီး လှူချိန်ရောက်သောအခါ သဒ္ဓါပျက်သွားကာ မလှူဖြစ်တော့ချေ။ ထို့ကြောင့် တစ်ပြားမှ မမြတ်ဘဲ သိန်းတစ်ထောင်လုံး ဆုံးရှုံးရခြင်း ဖြစ်၏။

ငွေတစ်ထောင် လှူဒါန်းခဲ့ခြင်းက သိန်းနှစ်ထောင်ထိ မြတ်သည်မှာ ဟုတ်နိုင်ပါမည်လောဟု စောဒကတက်ဖွယ်ရှိ၏။ ဟုတ်နိုင်၏ဟု အကျဉ်းချုပ် ဖြေလိုက်၏။

ကောင်းကျိုးဟူသည် စေတနာက ပေးခြင်း ဖြစ်၏။ သူတစ်ပါးကိုပေးလှူရန် သဒ္ဓါစိတ်ဖြစ်ချိန် တစ်စက္ကန့်အတွင်း ဝီထိစိတ် အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်၏။ ထိုဝီထိစိတ် ကုဋေအကြိမ်တစ်သိန်းတွင် ကောင်းကျိုးပေးမည့် ဇောစေတနာပေါင်း ကုဋေလေးသောင်းခန့် ဖြစ်၏။ ထိုစေတနာဇော ကုဋေလေးသောင်းက လူချမ်းသာ၊ နတ်ချမ်းသာဘဝသို့ အကြိမ်ပေါင်း ကုဋေလေးသောင်း ပို့ပေး၏။

တစ်စက္ကန့်အတွင်းမှာပင် ကောင်းကျိုးပေးမည့် ဇောစေတနာပေါင်း ကုဋေလေးသောင်းဖြစ်နေရာ တစ်မိနစ်ဆိုက ကောင်းကျိုးပေးကြမည့် ဇောစေတနာပေါင်းမှာ ရေတွက်၍ပင်မလွယ်အောင်များပြားလွန်းနေပြီဖြစ်၏။ ထို့ကြောင့် တစ်ထောင် အလှူက ငွေ သိန်းပေါင်းနှစ်ထောင်ပြန်၍အကျိုးပေးခြင်းကို သံသယဝင်စရာမလိုပေ။

ထို့ကြောင့် ဗုဒ္ဓကဓမ္မပဒပါဠိတော်တွင် -

**မတ္တာသုခ ပရိစ္စာဂါ။**
**ပဿေစေ ဝိပုလံ သုခံ၊**
**စဇေ မတ္တာ သုခံဓီရော၊**
**သမ္ပဿံ ဝိပုလံ သုခံ။**

အနည်းငယ်မျှသော လှူဖွယ်ဝတ္ထုချမ်းသာသုခကို စွန့်လွှတ်လှူဒါန်းလိုက်လျှင် အဆမတန်များပြားသော ချမ်းသာသုခတို့ကို ပြန်ရမည်ဟု သိထားသော ပညာရှိသည် အနည်းငယ်သောလှူဖွယ်ဝတ္ထုကို စွန့်လွှတ်ဖို့ ဝန်မလေးနေသင့် ဟု ဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။

**မေး** - လူချင်းတူပါလျက် အမျိုးယုတ်ခြင်း၊ အမျိုးမြတ်ခြင်းအကြောင်းတို့ကို ဖြေဆိုပါ။

**ဖြေ** - မာနကြီးသူများ အမျိုးယုတ်၍ မာနကင်းပြီး ဂါရဝ နိဝါတ ရှိသူများ အမျိုးမြတ်သည်။

**မေး** - လူချင်းတူပါလျက် ဉာဏ်ထိုင်းခြင်း၊ ဉာဏ်ကောင်းခြင်းတို့၏ အကြောင်းတို့ကို ဖြေဆိုပါ။

**ဖြေ** - မိမိမသိသောအရာကို စုံစမ်းမေးမြန်းခြင်းမရှိသူများ ဉာဏ်ထိုင်း၍ စုံစမ်းမေးမြန်းရှိသူများ ဉာဏ်ကောင်းပါသည်။

*ချမ်းသာကိုယ်စိတ်မြဲကြပါစေ*

မေတ္တာရှင် (ရွှေပြည်သာ)